# Ritsumeikan Asia Pacific University

ဂျပန်နိုင်ငံ ရစ်ဆူမဲခန်အာရှပစိဖိတ်တက္ကသိုလ် (APU)တွင် ဘွဲ့ကြိုသင်တန်းများကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်ဘွဲ့ (BBA)နှင့် လူမှုရေးသိပ္ပံပညာရပ်ဘွဲ့ (Bachelor of Social Science) ဟူ၍ နှစ်မျိုးနှစ်စားခွဲခြားထားသည်။

စီးပွားရေးစီမံခန့်ခွဲမှုပညာရပ် - Bachelor of Business Administration (College of International Management) တွင် အဓိကသာသာရပ်မေဂျာအနေဖြင့် -

- Strategic Management & Organization
- Accounting & Finance
- Innovation & Economics
- Marketing ဟူ၍ မေဂျာလေးခုရှိပါသည်။

လူမှုရေးသိပ္ပံပညာရပ် - Bachelor of Social Science (College of Asia Pacific Studies)တွင်လည်း

- Environment & Development
- Culture, Society & Media
- Hospitality & Tourism
- International Relations & Peace Studies ဟူ၍ မေဂျာလေးခုခွဲ၍သင်ကြားလျက်ရှိသည်။

Ritsumeikan Asia Pacific University သည် အာရှပစိဖိတ်ဒေသအတွင်းမတူညီကွဲပြားခြားနားသော ယဉ်ကျေးမှုပေါင်းစုံစုစည်းတည်ရှိသော ဂျပန်တက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ကျောင်းသားအရေအတွက် ပမာဏ၏တစ်ဝက်ခန့်သည် နိုင်ငံတစ်ကာကျောင်းသားများဖြစ်၍ နိုင်ငံပေါင်းကိုးဆယ်ကျော်မှ ကျောင်းသားများလာရောက်ပညာဆည်းပူးသင်ယူလျက်ရှိသည်။

အထူးသဖြင့် ထူးချွန်ထက်မြက်သောကျောင်းသားကျောင်းသူများအတွက် လေးနှစ်စာပညာတော်သင်ထောက်ပံကြေး(ကျောင်းစရိတ်စကော်လာ)များကို ၃၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း၊ ၆၅ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်း အစရှိသဖြင့်ကိုလည်း ထောက်ပံ့ပေးလျက်ရှိပါသည်။



လျှောက်ထားလိုသူများသည် အင်္ဂလိပ်စာဘာသာစကားအရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်ပြီး TOEFLR iBT - 61 points (သို့) TOEFLR PBT - 500 points (သို့) IELTS - 5.5 (သို့) TOEICR - 700 points (သို့) PTE Academic - 45 အစရှိသည်ဖြင့် အခြေခံအမှတ်များရရှိထားသူဖြစ်ရပါမည်။

ဧပြီ ၂၀၁၈ ပညာသင်နှစ်ကျောင်းဝင်ခွင့်အတွက် ကျောင်းလျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ ဆက်သွယ်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အောက်ပါလင့်(ခ်)ကိုနှိပ်၍လျှောက်ထားနိုင်ပါသည်။

https://admissions.apu.ac.jp/apply_online

အသေးစိတ်ထပ်မံသိရှိလိုပါက welcome@apu.ac.jp သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# Study in Japan Fair (Myanmar) Study and Job ကျင်းပခြင်း

Okayama တက္ကသိုလ်နှင့် ရန်ကုန်ရှိ Okayama University Japan Educational Information Center (OJEIC) သည် Myanmar Association Of Japan Alumni (MAJA)နှင့်ပူးပေါင်း၍ ဩဂုတ်လ ၂၆ ရက် (စနေနေ့ )တွင် Study in Japan Fair (Myanmar) Study and Job ကို ကျင်းပပါမည်။

Study in Japan Fair တွင် ဂျပန်ပညာသင်သွားလိုသော မြန်မာကျောင်းသူ/သားများ၊ ဆရာ၊ ဆရာမများကိုရည်ရွယ်ကာ ဂျပန်နိုင်ငံမှ တက္ကသိုလ်နှင့်ပညာရေးဆိုင်ရာအဖွဲ့အစည်းပေါင်း ၄၀ ခန့်လာရောက်ပြီး ရှင်းလင်းချက်များပြုလုပ်မည်ဖြစ်ပါသည်။

Seminar တွင်ပြောကြားမည့်အကြောင်းအရာများမှာ ပညာသင်ဆုနှင့်ပတ်သက်သည့် ရှင်းလင်းချက်များအပြင် Okayama University Japan Educational Information Center (OJEIC)မှ ဂျပန်ပညာတော်သင်နှင့်ပတ်သက်သောအကြောင်းအရာများ၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ဂျပန်ပညာတော်သင်နှင့်ပတ်သက်၍ သံရုံး၏ထောက်ပံ့ပေးမှုများ၊ Myanmar Association of Japan Alumni (MAJA)မှ Examination for Japanese University Admission for International Students (EJU)၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) စသည်တို့နှင့်ပတ်သက်သော ရှင်းပြချက်များ၊ ဂျပန်ပြန်ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ပညာတော်သင်အတွေ့အကြုံဆွေးနွေးမှုများ၊ Myanmar-Japan Platform For Human Resource Development Members မှဘွဲ့ရပြီးနောက် လျှောက်လှမ်းရမည့်လမ်းကြောင်းများစသည်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားမည်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများမှပေးအပ်သောလက်ဆောင်ပစ္စည်းများရရှိနိုင်မည့် ကံစမ်းမဲအစီအစဉ်လည်းရှိပါသည်။

Booth များတွင် ဂျပန်နိုင်ငံတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ Booth များထားရှိပြီး လာရောက်စုံစမ်းသောတစ်ဦးချင်းစီကို သေချာစွာရှင်းလင်းပြောကြားပေးပါမည်။ ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ ဖြင့်ဆွေးနွေးနိုင်သည့်အပြင် Booth တစ်ခုစီတွင် စကားပြန်များရှိသောကြောင့် မြန်မာဘာသာဖြင့်လည်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ဂျပန်ကုမ္ပဏီကြီးများလည်းပါဝင်မည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံတွင်ပညာသင်ယူပြီးနောက် လျှောက်လှမ်းနိုင်သော အနာဂတ်အကြောင်းအရာများလည်း ဆွေးနွေးနိုင်ပါသည်။

ထို့ပြင် ဂျပန်ယဉ်ကျေးမှုမိတ်ဆက်သောနေရာနှင့် ဂျပန်နိုင်ငံမှ ပညာတော်သင်ကျောင်းသားဟောင်းများ၏အတွေ့အကြုံဆွေးနွေးပေးသောနေရာများလည်းရှိသောကြောင့် ဂျပန်ယဉ်ကျေးမှုများကို ပျော်ရွှင်စွာလေ့လာရင်း ပညာတော်သင်ကျောင်းသားဟောင်းများကိုလည်း သိလိုသမျှအားမေးမြန်းနိုင်ပါသည်။

Study in Japan Fair သည် ဝင်ကြေးအခမဲ့ဖြစ်ပြီး အမည်စာရင်းကြိုတင်ပေးသွင်းရန်မလိုပါ။ မည်သူမဆို တက်ရောက်ဆင်နွှဲနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက်၊ အချိန်- ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက် (စနေနေ့) ၉း၃၀-၁၆း၀၀ (doors open 9:00)

နေရာ - Novotel Yangon Max

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက

OKAYAMA University Japan Educational Information Center (OJEIC)

Phone : 092-6184-1054

Mail : ojeicmyanmar@gmail.com

Facebook : https://www.facebook.com/StudyinJapanOfficeYangon

# Kyoshin Language Academy

Kyoshin Language Academy သည် ဂျပန်နိုင်ငံအတွင်း ဂျပန်ဘာသာသင်ကျောင်း (၉)ကျောင်းရှိသော ဂျပန်နိုင်ငံ၏အကြီးဆုံးဂျပန်ဘာသာသင်ကျောင်းဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ရန်ကုန်မြို့တွင်လည်း Kyoshin JETC အမည်ဖြင့် ဂျပန်ဘာသာသင်ကျောင်းကိုဖွင့်လှစ်ထားရှိပြီး ဂျပန်ဘာသာ အခြေခံမှ အဆင့်မြင့်သင်တန်းများကို ဂျပန်ဘာသာသင်လက်မှတ်ရ ဂျပန်လူမျိုးဆရာမမှဦးစီးသင်ကြားလျက်ရှိပါသည်။ ထို့ပြင် ဂျပန်နိုင်ငံသို့သွားရောက်ပညာသင်ကြားနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

* * * *

Kyoshin JETC Japanese Language Academy

No.21-23, 5th Floor, U Tun Lin Chan Street, Hledan, Kamaryut, Township, Yangon.

Tel: 09-254922110, 09-254922330

* * * *

ဂျပန်နိုင်ငံရှိ Kyoshin Language Academy သို့ပညာသင်သွားရောက်သော မြန်မာကျောင်းသားကျောင်းသူများသည် ပထမဦးစွာ ဂျပန်ဘာသာကို ၁ နှစ်ခွဲမှ ၂ နှစ်ခန့်သင်ကြားရင်း ဘာသာစကားအပြင် ဂျပန်ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ထိတွေ့သင်ယူပြီး ဂျပန်နိုင်ငံတွင်နေသားကျ လာစေရန်ကြိုးစားကြပါသည်။ ဂျပန်ဘာသာသင်ကျောင်းပြီးမြောက်ပြီးသည့်နောက် IT ကုမ္ပဏီများသို့ အလုပ်ဝင်ခြင်း၊ တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများသို့ ပညာဆက်လက်သင်ယူခြင်း စသည့်မိမိတို့၏ ဘဝရည်မှန်းချက်လမ်းကို ဆက်လက်လျှောက်လှမ်းကြပါသည်။

မြန်မာနိုင်ငံအတွင်း၌လည်း ဂျပန်ကုမ္ပဏီများစွာရှိပါသောကြောင့် ဂျပန်ဘာသာစကားအပြင် ဂျပန်နိုင်ငံတွင်နေထိုင်ခဲ့သည့်အတွေ့အကြုံများ၊ ဂျပန်လူမျိုးတို့၏ အလုပ်လုပ်ကိုင်ပုံနှင့် စဉ်းစားတွေးခေါ်ပုံများကို နားလည်သိရှိလာကြသော လူငယ်များသည် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိပေသည်။




